MCB
Myanmar Citizens Bank

ရက်စွဲ။ ၇ . ၁၀ . ၂၀၂၂

**(၂၀၂၁ - ၂၀၂၂) ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့် မရှိသည့် အစုရှယ်ယာဝယ်ယူသည့်ရက် တို့အား အသိပေးကြေညာခြင်း**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၀၂၁ - ၂၀၂၂) ဘဏ္ဍာရေးနှစ်အတွက် ကျင်းပပြုလုပ်မည့် (၃၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တက်ရောက်မဲပေးပိုင်ခွင့်နှင့် အမြတ်ဝေစု ခံစားပိုင်ခွင့်ရှိသည့် အစုရှယ်ယာရှင်များကို **၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက် (Record Date)** အရောင်းအဝယ်ပိတ်သိမ်းချိန်တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာပိုင်ဆိုင်သူများကိုသာ သတ်မှတ်သွားမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များ သိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

(၂၀၂၂ -၂၀၂၃) ဘဏ္ဍာရေးနှစ်နှင့်သာ အကျုံးဝင်မည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့မှ စတင်၍ ဝယ်ယူမည့် အစုရှယ်ယာများသည် (၂၀၂၁ - ၂၀၂၂) ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစု (Dividend) များကို ခံစားခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။

အမြတ်ဝေစုထုတ်ဝေပေးခြင်းကို မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၁၈၄) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် (၅/၂၀၁၇) နှင့်အညီ တင်ပြခွင့်ပြုချက် ရရှိမှသာ အမြတ်ဝေစုများကို ခွဲဝေထုတ်ပေးသွားမည် ဖြစ်ပါသည်။

| အကြောင်းအရာ | ရက်စွဲ |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာဝယ်ယူ ရမည့်နောက်ဆုံးရက် (Last Day to Trade) | ၁၃.၁၀.၂၀၂၂ |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာ ဝယ်ယူသည့်ရက် (Ex-Date) | ၁၄.၁၀.၂၀၂၂ |
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) | ၁၈.၁၀.၂၀၂၂ |

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်